- "အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် ကျွန်ုပ်သည်

အသင့်အား မန်းမှုတ်ကုသပေးပါ၏။ အသင့်အား

အန္တရာယ်ပေးသော အရာတိုင်းမှ၊ သက်ရှိအားလုံး၏

ဘေးအန္တရာယ်မှ သို့မဟုတ် မနာလိုဝန်တိုသူ၏ မျက်စိ (နဇရ်ထိခြင်း) မှ (ကာကွယ်တော်မူရန်)။

အလ္လာဟ်အရှင်မြတ်သည် အသင့်အား

သက်သာပျောက်ကင်းစေတော်မူပါစေ။ အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် ကျွန်ုပ်သည် အသင့်အား မန်းမှုကုသပေးပါ၏။

အဘူစအီဒ် (ရဿွိယလ္လာဟုအန်ဟု) ကဆင့်ပြန်ခဲ့သည်။ ဂျစ်ဗ်ရီလ် (အလိုင်ဟိစ္စလာမ်) သည်
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထံသို့ ရောက်ရှိလာပြီး ဤသို့မေးမြန်းခဲ့သည်- အို-မုဟမ္မဒ် အသင် သည် နာမကျန်းဖြစ်နေပါသလား။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က ဟုတ်ပါသည် ဟု ဖြေကြားခဲ့သည်။ ထိုအခါ ဂျီဗ်ရီလ် (အလိုင်ဟိစ္စလာမ်) က ဤသို့ ပြောခဲ့သည် - "အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့်
ကျွန်ုပ်သည် အသင့်အား မန်းမှုတ်ကုသပေးပါ၏။ အသင့်အား အန္တရာယ်ပေးသော အရာတိုင်းမှ၊
သက်ရှိအားလုံး၏ ဘေးအန္တရာယ်မှ သို့မဟုတ် မနာလိုဝန်တိုသူ၏ မျက်စိ (နဇရ်ထိခြင်း) မှ (ကာကွယ်တော်မူရန်)။ အလ္လာဟ်အရှင်မြတ်သည် အသင့်အား သက်သာပျောက်ကင်းစေတော်မူပါစေ။
အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် ကျွန်ုပ်သည် အသင့်အား မန်းမှုကုသပေးပါ၏။"
[صحيح] [رواه مسلم]

ကောင်းကင်တမန် ဂျစ်ဗ်ရီလ်အလိုင်ဟစ္စလာမ်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထံသို့ ရောက်ရှိလာပြီး ဤသို့ မေးမြန်းခဲ့သည်။ "အို- မုဟမ္မဒ်၊ အသင် နာမကျန်းဖြစ်နေပါသလား" ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က "ဟုတ်ပါသည်" ဟု ဖြေကြားတော်မူသည်။ ထိုအခါ ဂျစ်ဗ်ရီလ် (အလိုင်ဟစ္စလာမ်) က တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) အား အောက်ပါအတိုင်းရွတ်ဖတ်၍ မန်းမှုတ်ပေးတော်မူသည် - "အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် တစ်နည်း (အရှင်မြတ်အား အကူအညီယူ၍) ကျွန်ုပ်သည် အသင့်အား မန်းမှုတ်ပါ၏၊ အသင့်အားအန္တရာယ်ပြုသော အရာအားလုံးမှ (အသေးစား၊ အကြီးစား အန္တရာယ်အားလုံးမှ)၊ သက်ရှိတိုင်း၏မကောင်းသော ဘေးအန္တရာယ်မှ သို့မဟုတ် မနာလိုဝန်တိုသူ၏ မျက်စိမှ (သင့်အားထိခိုက်စေခြင်းမှ) အလ္လာဟ်အရှင်မြတ်ထံ အကာအကွယ်ယူပါ၏။ အလ္လာဟ်အရှင်မြတ်သည် အသင့်အားရောဂါတိုင်းမှ သက်သာပျောက်ကင်းစေတော်မူပါစေ။ အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့်ကျွန်ုပ်သည် အသင့်အား မန်းမှုတ်ကုသပေးပါ၏။ (အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့်ကျွန်ုပ်သည် အသင့်အား မန်းမှုတ်ကုသပေးပါ၏) ဟူသောစာပိုဒ်အား လေးနက်စေရန်အတွက်နှစ်ကြိမ်တိုင်တိုင် ရွတ်ဆိုတော်မူခြင်းဖြစ်သည်။ အစတွင်လည်းကောင်း၊အဆုံးတွင်လည်းကောင်း အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် စတင်ခြင်းနှင့်

အဆုံးသတ်ခြင်းသည် အကျိုး ကျေးဇူးပေးနိုင်သူမှာထိုအရှင်မြတ်တစ်ပါးတည်းသာဖြစ်ကြောင်း ညွှန်းဆိုလိုခြင်းဖြစ် သည်။

https://sunnah.global/hadeeth/my/show/5650